**ဖိုကိုလာရေလှုပ်ရှားမှု**

# အသက်ပေးသည့် နှုတ်တော်ထွက်စကား

ဇွန်လ ၂၀၁၅

**“မာသ၊ မာသ၊ သင်သည်များစွာသောအမှုကိစ္စတို့အတွက် စိုးရိမ်ပူပန်ခြင်းရှိ၏။ လိုအပ်သောအရာသည်ကား တစ်ခုတည်းသာရှိ၏။” (လုကာ ၁၀း၄၁–၄၂)**

မာသ၊ မာသဟု အထပ်ထပ်ခေါ်ဆိုနေခြင်းကိုက ရင်းနှီးချစ်ခင်မှုမည်မျှရှိသည်ကို ပြနေပါသည်။ ဂျေရုဆလင်မြို့အနီး ဗေသနိအရပ်ရှိ နေအိမ်မှာ သခင်ယေရှုးသူ၏တပည့်တော်များနှင့် ဝင်ထွက် တစ်ထောက်နားရာနေရာပင်ဖြစ်သည်။ မြို့တွင်းမြို့ပြင်တို့တွင် ဆွေးနွေးပြောဆိုမှုများလုပ်ဆောင်ခဲ့ရာတွင် သူ့အနေဖြင့် မနှစ်မြို့မှု နှင့် ပယ်ချခံရမှုများကို တွေ့ခဲ့ရပါသည်။ ဤနေရာတွင်မူ သူသည် ငြိမ်းချမ်းစွာနှင့် လက်ခံကြိုဆိုမှုကို ခံခဲ့ရပါသည်။

မာသမှာ တက်တက်ကြွကြွနှင့် စီမံဖန်တီးလုပ်နေတတ်သူဖြစ်သည်။ နောက်ပိုင်း သူမောင်သေဆုံးချိန်တွင် သခင်ယေရှုးနှင့်ဆုံတွေ့ခဲ့ပြီး စကားအပြန်အလှန်ပြောဆိုခဲ့ရာတွင် ပြင်းပြသောခံစားချက်နှင့်မေးခွန်းထုတ်လျက် သူ၏အရည်အသွေးကိုပြသခဲ့သည်။ သူသည် စိတ်ဓါတ်ပြင်းသောအမျိုးသမီးတစ်ဦးဖြစ်ပြီး ယုံကြည်ခြင်းကြီးမားမှုကိုဖေါ်ပြခဲ့သည်။ “ငါသည်ရှင်ပြန်ထမြောက်ခြင်းဖြစ်သည်၊ အသက်လည်းဖြစ်သည်ကို သင်ယုံကြည်သလောဟု သခင်ယေရှုးကမေးမြန်းတော်မူသည့်အခါသူမက “မှန်ပါ၏သခင်၊ ကျွန်မယုံကြည်ပါသည်” ဟု မဆိုင်းမတွဖြေကြားခဲ့ပါသည်။ (ယောဟန်၁၁း၂၅–၂၇ တွင်ရှု)

ဤနေရာတွင် ဆရာသခင်နှင့် သူ၏တပည့်တော်များအားလက်ခံကြိုဆိုဖို့အတွက် သူမအနေဖြင့် အလုပ်များလျက်ရှိသည်။ သူမသည်အိမ်မှုကိစ္စအဝဝကို လုပ်ဆောင်ရသူ(မာသ ဆိုသည်မှာ အိမ်ရှင်မဟုအဓိပ္ပာယ်ရသည်) ဖြစ်သည့်အတွက် သူ့၌တာဝန်ရှိသည်ဟု ခံစားခဲ့ရခြင်းဖြစ်သည်။ သူမသည် အရေးကြီးသောဧည့်သည်အတွက် ညနေစာပြင်ဆင်နေခြင်း ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။၊ ညီမဖြစ်သူ မာရိယာမှာ သူ့အားမကူညီဘဲ တစ်ဦးတည်းပစ်ထားသည်။ မာရိယာသည် မီးဖိုချောင်ထဲတွင်မနေဘဲ တကယ့်တပည့်တော်ကြီးများကဲ့သို့ သခင်ယေရှုး၏ခြေတော်ရင်း၌ အမျိုးသားများနှင့်အတူထိုင်လျက် နားထောင်နေသည်မှာ အရှေ့တိုင်းထုံးတမ်းစဉ်လာနှင့် ဆန့်ကျင်နေပါသည်။ ယင်းက မာသအားစိတ်ဆိုးစရာဖြစ်စေပြီး “သခင်ဘုရား၊ ကျွန်မ၏ညီမဖြစ်သူသည် ဧည့်ခံခြင်းမှုဆောင်ရွက်ရန် ကျွန်မတစ်ဦးတည်းအား ပစ်ထားသည်ကို သတိမမူပါသလော။ ကျွန်မကိုကူညီစေရန်သူမအား အမိန့်တော်ရှိတော်မူပါဟု လျှောက်လေ၏” (လုကာ ၁၀း၄၀)။ ထိုအခါသခင်ယေရှုးက ဂရုဏာစိတ်နှင့် ပြန်လည်မိန့်တော်မူသည်ကား –

**“မာသ၊ မာသ၊ သင်သည်များစွာသောအမှုကိစ္စတို့အတွက် စိုးရိမ်ပူပန်ခြင်းရှိ၏။ လိုအပ်သောအရာသည်ကား တစ်ခုတည်းသာရှိ၏။”**

သခင်ယေရှုက မာသ၏စီမံဖန်တီးလုပ်တတ်ခြင်းနှင့် သဒ္ဓါရက်ရောမှု၌ သိပ်ပြီးမမွေ့လျော်ပါ။ သူမ၏အမှန်တကယ်လက်တွေ့ကြုံဆိုမှုကို တန်ဖိုးမထားဘဲ စားသုံးရန်ပြင်ဆင်ထားသောစားစရာအတွက်ကိုပင် နှစ်သက်ခြင်းမရှိလေသလား။ ဖြစ်ရပ်အဆုံးတွင် သခင်ယေရှုပြောပြခဲ့သောပုံဥပမာများထဲတွင် စီမံခန့်ခွဲသူများ၊ စီးပွားရေးလုပ်ဆောင်သူများနှင့် မိမိတို့၏တီထွင်ဖန်တီးတတ်သောအစွမ်းအစများကိုသိပြီး အကျိုးဖြစ်ထွန်းအောင်လုပ်ဆောင်တတ်သူများကို ချီးမွမ်းထားပါသည် (ညွှန်း –လုကာ၁၂း၄၂၊ ၁၉း၁၂–၂၆)။ ဘဏ္ဍာစိုးကိုပင်ချီးမွမ်းထားပါသည်။(ညွှန်း–လုကာ ၁၆း၁–၈)။ သူသည်ချီးမွမ်းထုတ်ဖော်မပြောသော်လည်း အစစအရာရာကိုစီမံလုပ်ကိုင်လျက် လှိုက်လှဲစွာဧည့်ခံကြိုဆိုမှုကိုပြုနိုင်သော ထိုအမျိုးသမီးအားကြည့်ရင်း ဝမ်းမြောက်ခြင်းရှိပါသည်။

သခင်ယေရှုက အလုပ်ပေါ်တွင်အာရုံများပြီး စိုးရိမ်ပူပန်စိတ်ဖြစ်နေခြင်းကိုသာ ဝေဖန်ပြောဆိုခြင်းဖြစ်သည်။ မာသသည် လုပ်စရာအလုပ်ဝတ္တရားများလှကြောင့်စိတ်မအေးနိုင်ဖြစ်နေရခြင်းဖြစ်သည်(လုကာ၁၀း၄၀)။ သူ၌ငြိမ်သက်ခြင်းမရှိတော့ပေ။ သူမသည် ကိုယ်လုပ်နေသောအလုပ်ကို စီစဉ်ထိန်းချုပ်သူမဟုတ်တော့ဘဲ ထိုအလုပ်က သူ့အားပြန်ပြီးထိန်းချုပ်လျက် ဖိအားပေးနေပါတော့သည်။ သူမသည် လွတ်လပ်မှုမရှိတော့ဘဲ ကိုယ်လုပ်နေသောအရာ၏ကျေးကျွန်ဖြစ်လာခဲ့ပါတော့သည်။

ကျွန်ုပ်တို့သည်လည်း လုပ်စရာကိစ္စများမြောင်အလယ်၌ ရုန်းထွက်မရသည့်အဖြစ်မျိုး ကြုံကြဖူးသည် မဟုတ်ပါလား။ အင်တာနက်အားဖြင့်၊ စာရိုက်ပို့ခြင်းအားဖြင့်၊ အသုံးမကျသောစာတိုများဖြင့် နစ်မြုပ်စိတ်ရှုပ်နေကြရသည်။ လေးလေးနက်နက်လုပ်ဆောင်ရမည့် အရာများရှိနေသည့်အခါများတွင်ပင်လျှင် ယင်းတို့က မိမိဝန်းကျင်ရှိအခြားသူများအား ဂရုစိုက်ဖို့၊ နားထောင်ပေးဖို့ပင် မေ့လျော့နိုင်စေပါသည်။ အဆိုးဆုံးမှာ ကျွန်ုပ်တို့သည် ဘာကြောင့်နှင့် ဘယ်သူ့အတွက် လုပ်နေကြသည်ဆိုသည်ကိုပင် မမြင်တော့ခြင်းဖြစ်သည်။ မိမိတို့၏အလုပ်နှင့်အခြားစိုးရိမ်ပူပန်မှုများဖြင့်သာအဆုံးသတ်ရသည်။

အကယ်၍သာ ကျွန်ုပ်တို့ရှေ့မှောက်တွင်ကြုံတွေ့ရသော မိသားစု၊ ငွေရေးကြေးရေးကိစ္စရပ်များ၊ အလုပ်အကိုင်၊ ကျောင်း၊ ကလေးများ၏အနာဂတ်အရေး စသည့်အခြေအနေနှင့်ခက်ခဲသောပြဿနာများကြောင့် စိုးရိမ်ပူပန်ခြင်းနှင့် သောကများနေမည်ဆိုလျှင် သခင်ယေရှုမိန့်တော်မူသော “ထို့ကြောင့် သင်တို့သည် မည်သည့်အရာကိုစားသောက်ကြရမည်၊ မည်သည့်အရာကိုဝတ်ဆင်ကြရမည်ကို စိုးရိမ်ခြင်းပူပန်ခြင်းမရှိကြနှင့်၊ အကြောင်းမူကား ဘုရားမဲ့သောသူတို့သာလျှင် ဤအရာခပ်သိမ်းကိုရှာဖွေတတ်ကြ၏၊ ကောင်းကင်ဘုံရှင်သင်တို့၏အဖသည် ဤအရာအလုံးစုံကို သင်တို့လိုအပ်ကြောင်း သိတော်မူ၏” ဆိုသောစကားများကို မေ့လျော့နေ၍သာဖြစ်သည်။ ကျွန်ုပ်တို့သည်လည်း သခင်ယေရှု၏ဝေဖန်ခြင်းကိုခံထိုက်ပါသည်။

**“မာသ၊ မာသ၊ သင်သည်များစွာသောအမှုကိစ္စတို့အတွက် စိုးရိမ်ပူပန်ခြင်းရှိ၏။ လိုအပ်သောအရာသည်ကား တစ်ခုတည်းသာရှိ၏။”**

တစ်ခုတည်းသောလိုအပ်သည့်အရာကားအဘယ်နည်း။ သခင်ယေရှုး၏နှုတ်တော်ထွက်စကားများကို ကြားနာလျက် အသက်ရှင်လိုက်လျှောက်ဖို့ပင်ဖြစ်သည်။ ယင်းမတိုင်မီနှင့် ထိုနှုတ်တော်ထွက်စကားတို့အား သခင်ဘုရားမိန့်တော်မမူမီတွင် ကျွန်ုပ်တို့အနေဖြင့် ဘာမျှမလုပ်နိုင်ပါ။ သခင်ဘုရားအား ဧည့်ခံရန်၊ ကိုယ်တော်ရှင်အားကိုယ့်အိမ်ကဲ့သို့ခံစားရစေရန် စစ်မှန်သောကြိုဆိုသည့်နည်းလမ်းမှာ ကိုယ်တော်ရှင်မိန့်တော်မူသည့်အတိုင်းနားထောင်ဖို့ဖြစ်သည်။ “မာရိယာသည် အရာရာကိုမေ့ထားပြီး သခင်ဘုရား၏ခြေတော်ရင်းဝယ်ထိုင်ကာမိန့်မြွက်တော်မူသမျှသော စကားတစ်လုံးမကျန်နားထောင်ခဲ့သည့်အတိုင်းဖြစ်သည်။ ကျွန်ုပ်တို့အနေဖြင့်မိမိအလိုဆန္ဒစေစားမှုကို သတိပြုမိစေခြင်း သို့မဟုတ် ရှေ့တန်းတင်မိခြင်းမျိုးမဖြစ်သင့်ပါ။ သို့သော်ကိုယ်တော်ရှင်အား နှစ်သက်စေတော်မူခြင်း၊ ကိုယ်တော်ရှင်၏နိုင်ငံတော်အတွက် အမှုတော်ဆောင်ခြင်းတို့သာ ဖြစ်သင့်သည်။

မာဿကဲ့သို့ပင် ကျွန်ုပ်တို့သည်လည်း အခြားသူတို့အကျိုးအတွက် မြောက်မြားလှစွာသောအရာတို့လုပ်ဆောင်ဖို့တောင်းဆိုခြင်းခံရပါသည်။ သခင်ယေရှုးသွန်သင်ခဲ့သည်မှာ “သင်တို့သည်အသီးများစွာသီးသောကြောင့်” အဖမည်းတော်သည် ဝမ်းမြောက်ခြင်းရှိပေမည် (ယောဟန် ၁၅း၈ တွင်ရှု)။ ထို့အပြင် ခရစ်တော်အားယုံကြည်ပါလျှင် ကျွန်ုပ်တို့သည် ပို၍ကြီးမြတ်သောအရာများကိုလည်းပြုနိုင်လိမ့်မည်ဖြစ်သည် (ယောဟန်၁၄း၁၂တွင်ရှု)။ သို့ဖြစ်၍ ကိုယ်တော်ရှင်သည် ကျွန်ုပ်တို့၏ကိုင်းရှိုင်းမှု၊ ကိုယ်တော်ရှင်ပြုစေလိုသောအမှုအရာတို့အပေါ်စိတ်အားထက်သန်မှု၊ ကျွန်ုပ်တို့၏စိတ်ကူးစိတ်သန်း၊ ရဲစွမ်းသတ္တိ၊ တီထွင်ဖန်တီးနိုင်စွမ်းတို့ကို စောင့်ကြည့်လျက်ရှိပါသည်။ စိုးရိမ်ပူပန်မှုမဖြစ်သည့်တိုင် ကျွန်ုပ်တို့သည် ဘုရားသခင်၏အလိုတော်ကို ဆောင်ရွက်နေသည်ဆိုသည့်အသိတရားမှ ငြိမ်သက်ခြင်းကိုထိန်းသိမ်းထားရပေမည်။

အရေးကြီးဆုံးက သခင်ယေရှုး၏နောက်လိုက်တပည့်တော်များဖြစ်လာရန်ဖြစ်ပြီး ကျွန်ုပ်တို့အတွင်းဝယ်ကိုယ်တော်ရှင်အားရှင် ဝင်ရောက်နေထိုင်ခွင့်ပေးရန်၊ သူ၏အကြံပြုချက်များ၊ ကျွန်ုပ်တို့လှုပ်ရှားမှုတိုင်းကိုထောက်ပြနေသော ကိုယ်တော်ရှင်၏ညင်သာသောအသံတော်ကို အာရုံစိုက်နားထောင်ရမည်ဖြစ်သည်။ ဤနည်းအားဖြင့် ကိုယ်တော်ရှင်သည် ကျွန်ုပ်တို့လုပ်ဆောင်သမျှတိုင်းအားလမ်းညွှန်ပြသူဖြစ်လာပါလိမ့်မည်။

“အမှုကိစ္စများစွာ” ကို လုပ်ဆောင်ရာတွင် ကျွန်ုပ်တို့အနေဖြင့် စိတ်ပူပန်ခြင်းနှင့် လမ်းလွဲမသွားသင့်ပါ၊ အဘယ်ကြောင့်ဆိုသော် သခင်ယေရှုး၏နှုတ်တော်ထွက်စကားတို့ကို လိုက်လျှောက်ခြင်းဖြင့် ကျွန်ုပ်တို့အားချစ်ခြင်းမေတ္တာတစ်ခုတည်းကရွေ့လျားစေပါသည်။ ကျွန်ုပ်တို့လုပ်ဆောင်သမျှတိုင်းတွင် အမြဲတမ်းထားရှိရမည့်တစ်ခုတည်းသောအရာမှာ “ချစ်ခြင်းမေတ္တာ” ပင်ဖြစ်သည်။

*Fabio Ciardi*